သလို ပြောင်သလို မုသားပြောရမှာ ဝန်မလေးကြ၊ အပြစ် ဓာစုံတရာကို ဆရာများက စစ်ဆေးမေးမြန်းလျှင် အတင်း လိမ်ကြတော့၏၊ (အလွန် စိတ်ပျက်စရာပင်၊) ထိုသို့ လိမ်ပြော ရမှာ ဝန်မလေးသူသည် နောင်ခါ သာသနာတော်၌ ကြီးပွါး လိမ့်မည်လည်း မဟုတ်၊ ထို့ကြောင့်ပင် ဘုရားရှင်သည် ရှင်ရာဟုလာအား ၇-နှစ်အရွယ်၌ မုသားမပြောမိဘို့ရန် ကြပ် တည်းစွာ ဩဝါဒပေးတော်မူပေသည်။ [ရာဟုလာဝဍ္ဍကို ရှေ့၌ ပြခဲ့ပြီ။]

မဇ္ဇပါနေ ပန ဘိက္ခုနော အဇာနိတွာပိ ဗီဇတော ပဋ္ဌာယ မဇ္ဇံ ပိဝန္တဿ ပါစိတ္တိယံ၊ သာမဏေရော ဇာနိတွာ ပိဝန္တော သီလဘေဒံ အာပဇ္ဇတိ=သေရည်သောက်မှု၌ကား ရဟန်းမှာ မဇ္ဇမှန်း မသိသော်လည်း မဇ္ဇလုပ်ဘို့ မျိုးစေ့ကစ၍ သောက်လျှင် ပါစိတ်အာပတ် သင့်၏၊ သာမဏေကား မဇ္ဇ မှန်းသိလျက် သောက်မှ သီလပျက်သည်။ [ဘုရားရှင်၏ အပြစ် ပြောခြင်းစသော ၅-ပါးကား ရှေ့၌ပြခဲ့သော အကျဉ်းမျှဖြင့် သိသာလောက်ပြီ။]

### ဒဏ် ၁၀-ပါးနှင့် စပ်၍
### မှတ်ဘွယ်

ဒဏ် ၁၀-ပါး။ ။"အနုဇာနာမိ ဘိက္ခဝေ ပဉ္စဟင်္ဂေဟိ သမန္နာဂတဿ သာမဏေရဿ ဒဏ္ဍကမ္မံ ကာတုံ၊ ဘိက္ခုနံ အလာဘာယ ပရိသက္ကတိ"စသည်ဖြင့် မဟာဝါခန္ဓက၌ ၅-ပါးသာ တိုက်ရိုက်လာ၏၊ အဋ္ဌကထာ၌ "ဒသသု သိက္ခာပဒေသု ပုရိမာနံ ပဉ္စန္နံ အတိက္ကမော နာသန-